# အမှတ်တံဆိပ်မှတ်ပုံတင်လျှောက်ထားခြင်းအတွက် အသိပေးကြေညာချက်

၁။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ အမိန့်အမှတ် (၆၃/၂၀၂၀) အရ ဒုတိယအဆင့်အနေဖြင့် ကိုယ်တိုင်ဖြစ်စေ၊ ကိုယ်စားလှယ်ဖြင့် ဖြစ်စေ လျှောက်လွှာလက်ခံမည့် ဌာနများသို့ လာရောက်လျှောက်ထားခြင်းကို ၂၀၂၃ ခုနှစ်၊ ဧပြီလ ၃ ရက်နေ့မှ စတင်၍ ဆောင်ရွက်လျက်ရှိပါသည်။ ဦးစီးဌာန၏ ကြေညာချက်အမှတ် (၁/၂၀၂၃) ဖြင့်လည်း ထုတ်ပြန်ကြေညာပြီး ဖြစ်သည်။

၂။ ဒုတိယအဆင့်အနေဖြင့် ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေပုဒ်မ ၉၃ (က)အရ အကျုံးဝင်သော အမှတ်တံဆိပ်များ (အမှတ်တံဆိပ်အဟောင်းများ) လျှောက်ထားခြင်းကိုသာ လက်ခံသွားမည် ဖြစ်သည်။

၃။ လျှောက်ထားချက်များသည် အခကြေးငွေပေးသွင်းခြင်းအား တစ်ပါတည်း ဆောင်ရွက်ရမည် ဖြစ်ပြီး ကိုယ်စားလှယ်ဖြင့် လျှောက်ထားခြင်းဖြစ်ပါက ကိုယ်စားလှယ် ခန့်အပ်လွှာ (TM–2 Form) အား TM–1 Form နှင့်အတူ ပူးတွဲ၍ လျှောက်ထားရမည် ဖြစ်သည်။

၄။ အီလက်ထရောနစ်မှတ်ပုံတင်စနစ်(WIPO File) အသုံးပြုရန် User Account ရရှိထားသူဖြစ်ပါက အဆိုပါ WIPO File စနစ်မှသာ လျှောက်ထားနိုင်မည်ဖြစ်ပါသည်။

၅။ **Soft Opening ပထမအဆင့်တွင် လျှောက်ထားခဲ့သော လျှောက်ထားချက်များ**အတွက် အခကြေးငွေပေးသွင်းခြင်းနှင့် TM – 2 Form တင်သွင်းခြင်းများအား **၂၀၂၃ ခုနှစ်၊ မေလ ၃၁ ရက်နေ့ နောက်ဆုံးထား၍** လက်ခံဆောင်ရွက်ပေးမည် ဖြစ်သည်။

၆။ ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေပုဒ်မ ၉၃ (က)အရ အကျုံးမဝင်သော အမှတ်တံဆိပ်များ (အမှတ်တံဆိပ်အသစ်များ) လျှောက်ထားခြင်းကို **တရားဝင်ဖွင့်လှစ်သည့် (Grand Opening) ၂၀၂၃ ခုနှစ်၊ ဧပြီလ ၂၆ နေ့ရက်** မှစ၍ လက်ခံဆောင်ရွက်ပေးမည် ဖြစ်သည်။

**မူပိုင်ခွင့်ဦးစီးဌာန**